
# ငလျင်ဘေးကြောင့်ထိခိုက်ဆုံးရှုံးမှုအခြေအနေ အစီရင်ခံစာ (အမှတ်စဉ်-၂)

## ၂၀၂၅ခုနှစ်၊ မတ်လ၃၀ရက်

## ဖြစ်စဉ်အကျဉ်းချုပ်

စစ်ကိုင်းငလျင်ကြီးလှုပ်ခတ်ပြီးနောက် ၄၈ နာရီအတွင်း သေဆုံးသူဦးရေမှာ ဆက်လက် မြင့်တက်လျက်ရှိသည်။ မန္တလေး၊ နေပြည် တော်နှင့် ပဲခူးတို့တွင် နောက်ဆက်တွဲငလျင်ငယ်များလည်း ထပ်မံလှုပ်ခတ်ခဲ့ပြီး ယမန်နေ့ နေ့လည်ပိုင်းတွင် နေပြည်တော်အနီးအင်အား ၅.၁၊ ယနေ့နံနက်ပိုင်း ရွှေဘိုအနီး အင်အား၄.၂နှင့် နေ့လည်ပိုင်းမန္တလေးအနီး အင်အား ၅.၁ ရှိသည့် ငလျင်များ အသီးသီးလှုပ်ခတ်ခဲ့သည်။ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင်လူနှင့်စက်ပစ္စည်း အင်အားလုံလောက်မှုမရှိခြင်းကြောင့် နှောင့်နှေးကြန့်ကြာမှုများဖြစ်ပေါ်လျက်ရှိပြီး ပျောက်ဆုံးနေသူများအသက် ဆက်ရှင်သန်ရေးအတွက် မျှော်လင့်ချက် အလွန်နည်းပါးသောအခြေအနေဖြစ်သည်။ ဒဏ်ရာရရှိသူများကို ဆေးကုသမှုပေးနိုင်ရန်အခက်အခဲများစွာကြုံတွေ့နေရပြီး လက်ရှိအချိန်အထိ နိုင်ငံတကာရှာဖွေကယ်ဆယ်ရေးအဖွဲ့များသာ ရောက်ရှိနေပြီး အရေးပေါ်ဆေးဝါးကုသရေးအဖွဲ့များပါ စေလွှတ်ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိသည်။ မြို့ပေါ်ဒေသများတွင် ငလျင်ကြောင့် သေဆုံးသူများ၏ ရုပ်အလောင်းများစီမံခန့်ခွဲရေးအတွက်လည်း စိန်ခေါ်မှုများကြုံတွေ့နေရသည်။ လျှပ်စစ်မီးအခက်အခဲကြောင့် သောက်သုံးရေပြတ်လပ်မှုများကြုံတွေ့နေရပြီး နေရာအနှံ့ အင်တာနက်ဖြတ်တောက်မှုကြောင့် သတင်းအချက်အလက်ရယူမှုအပိုင်းတွင်လည်း အကန့်အသတ်များ ဖြစ်ပေါ်လျက်ရှိသည်။ နေအိမ်ပျက်စီးသွားသူများသည် ဘုန်းကြီးကျောင်းများနှင့်အခြားသော ခိုလှုံရာနေရာများတွင် ခေတ္တနေထိုင်နေရပြီး အသင့်စား အစားအသောက်များ၊ သောက်ရေ၊ ယာယီနေစရာနှင့် တကိုယ်ရည်သုံးပစ္စည်းများ ထောက်ပံ့ပေးရန်လိုအပ်ပါသည်။




| SHAKING | Not felt | Weak | Light | Moderate | Strong | Very strong | Severe | Violent | E |
|---|---|---|---|---|---|---|---|---|---|
| DAMAGE | None | None | None | Very light | Light | Moderate | Moderate/heavy | Heavy | Ve |
| PGA(%g) | <0.0464 | 0.297 | 2.76 | 6.2 | 11.5 | 21.5 | 40.1 | 74.7 | |
| PGV(cm/s) | <0.0215 | 0.135 | 1.41 | 4.65 | 9.64 | 20 | 41.4 | 85.8 | |
| INTENSITY | I | II-III | IV | V | VI | VII | VIII | IX | |


## အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ


စစ်တပ်ထိန်းချုပ်မြို့များတွင် အရပ်ဘက် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နီးစပ်ရာအချင်းချင်း ချိတ်ဆက်၍ ထောက်ပံ့မှုများဆောင်ရွက်နေရပြီး စနစ်ကျသည့် ပေါင်းစပ်ညှိနှိုင်းမှုများလုပ်ဆောင်နိုင်ခြင်း မရှိပါ။ လုံခြုံရေးအာမခံချက်ပေးနိုင်ပါက အရေးပေါ် ကူညီကယ်ဆယ်ရေး လုပ်ငန်းများတွင် CDM ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးနိုင်ကြောင်း အမျိုးသား ညီညွတ်ရေးအစိုးရက ယမန်နေ့က ထုတ်ပြန် ကြေညာထားပါသည်။ တော်လှန်ရေးအင်အားစုများ ထိန်းချုပ်ထားသည့် နယ်မြေများတွင် ကူညီကယ်ဆယ်ရေး၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ အုပ်ချုပ်ရေး၊ ကာကွယ်ရေး၊လုံခြုံရေး အဖွဲ့အစည်းများနှင့် အရပ်ဘက် လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပြီး လျှပ်စစ်မီးနှင့် ဆက်သွယ်ရေးဆိုင်ရာ စိန်ခေါ်မှုများရှိပါသည်။ တဘက်တွင်လည်း စစ်တပ်က အရပ်သားပြည်သူများကို လေကြောင်းက ဗုံးကြဲတိုက်ခိုက်မှုများ ဆက်လက် ကျူးလွန်လျက်ရှိသည်။ လူသားချင်းစာနာမှုအကူအညီပေးရေးအတွက် ပြည်တွင်းနှင့်ပြည်ပမှ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ညှိနှိုင်းချိတ်ဆက်ကာ ထောက်ပံ့မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

## အဓိကစိန်ခေါ်မှုများ

- မီးမရရှိသည့်အတွက် သောက်သုံးရေပြတ်လပ်ခြင်း
- ဈေးဆိုင်များ၊ဆေးရုံနှင့်ဆေးဆိုင်များပိတ်ထားသည့်အတွက် စားစရာနှင့်ဆေးဝါးဝယ်ယူရန်ခက်ခဲခြင်း၊ ဆေးကုသမှုမခံယူနိုင်ခြင်း
- စစ်တပ်အန္တရာယ်ကိုကြောက်ရွံ့ခြင်းကြောင့် အကူအညီနှင့် ထောက်ပံ့မှုများကို ကောင်းမွန်စွာမဆောင်ရွက်နိုင်ခြင်း
- မြေအောက်ကျုံကြသွားသည့် အဆောက်အအုံများကို ပြန်လည်ရှင်းလင်းဖယ်ရှားရန်ကျွမ်းကျင်သူများနှင့် စက်ပစ္စည်းများ လိုအပ်ခြင်း
- အထူးသဖြင့် စဉ့်ကိုင်၊ ပလိပ်၊ တံတားဦး၊ မြစ်သား၊ ကျောက်ဆည်၊ ရမည်းသင်း၊ စစ်ကိုင်း၊မတ္တရာမြို့များတွင် ကယ်ဆယ်ရေးလူအင်အားများစွာလိုအပ်ခြင်း
- VPN ဖြင့် အင်တာနက်အသုံးပြုမှုကန့်သတ်ထားခြင်းကြောင့် ဘေးသင့်ပြည်သူအတွက်အရေးပေါ်အကူအညီတောင်းခံရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးကိစ္စရပ်များမှာ အခက်အခဲများစွာဖြစ်ပေါ်ခြင်း
- သတင်းအချက်အလက်များ အချိန်နှင့်တပြေးညီမရရှိခြင်း
- ငလျင်ဘေးအတွင်းမှာပင် စစ်တပ်က အတင်းအကြပ်စစ်မှုထမ်းခေါ်ဆောင်ခြင်းများကြောင့် စေတနာ့ဝန်ထမ်းလူငယ်လူရွယ်များအနေဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် ပေါ်ပေါ်ထင်ထင် မလုပ်ဆောင်နိုင်ခြင်း

## ငလျင်ကြောင့်သက်ရောက်မှုများ





Spring Development Bank
@mohadmnug
#Verified Official

ဝန်ကြီးဌာနသို့ ဆက်သွယ်လှူဒါန်းနိုင်ရန်

NUGPay
mohadm*nugpay.app



contacts
1.Ministry of Humanitarian Affairs and Disaster Management
Email: mohadm@nugmyanmar.org
2. Ministry of Foreign Affairs
Email: mofa@nugmyanmar.org
3. Press office Team
Signal: (+1) 332-240-3557
Email: pst@nugmyanmar.org